
# ACC Against COVID-19




## အစီအစဉ် (၈၈)

# “ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ စည်းမျဉ်းများ”

ACC Against COVID-19


Prof. Dr. Aung Tun Thet
16-11-2020

# ကောင်းမွန်သော  စီမံအုပ်ချုပ်မှု၏ စည်းမျဉ်းများ




**Prof.Dr.Aung Tun Thet**


**16/11/2020**


လျင်မြန်စွာဆုံးဖြတ်ချက်ချမှတ်နိုင်မှုစွမ်းရည်သည်လည်း ကောင်းမွန်သော
စီမံအုပ်ချုပ်မှု၏ အနှစ်သာရဖြစ်သည်
QUOTES

# ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ စည်းမျဉ်းများ

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် နီးကပ်စွာ ချိတ်ဆက်နေခြင်း၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ စည်းမျဉ်းများ၊

# ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ စည်းမျဉ်းများ



# ၁။ ပူးပေါင်းပါဝင်ဆောင်ရွက်မှု

- ဆုံဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ကဏ္ဍအသီးသီးမှ လူ့အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု
- ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်နှင့်အခြေအနေကောင်းများ ဖန်တီးပေးခြင်း
- အသိပေးသင့်သော သတင်းအချက်အလက်များကို သင့်လျော်သောနည်းလမ်းဖြင့်အချိန်မီ ဖြန့်ဝေနိုင်ခြင်း၊
- ကန့်သတ်ချုပ်ချယ်မှုမရှိဘဲ သက်ဆိုင်သူများအားလုံးမှ ၎င်းတို့၏ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ခြင်း

# ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးသဘောတူစာချုပ်၏ အပိုဒ် ၁၃

- အဖွဲ့ဝင်နိုင်ငံတိုင်းသည် "အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရာနှင့် ဆန့်ကျင်တိုက်ဖျက်ရာတွင် လူမှုရေးအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထု အခြေပြုအဖွဲ့အစည်းများကဲ့သို့သော အများပြည်သူဆိုင်ရာကဏ္ဍပြင်ပရှိလူပုဂ္ဂိုလ် တစ်ဦးချင်းစီနှင့် အစုအဖွဲ့များမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရေး မြှင့်တင်ဆောင်ရွက်ရန်"

# ၂။ တရားဥပဒေစိုးမိုးရေး

- နိုင်ငံတော်၏အာဏာကိုကျင့်သုံးရာတွင် အားလုံးနှင့်သက်ဆိုင်သော လူမှုဆိုင်ရာတန်ဖိုးများအား ကျယ်ကျယ်ပြန့်ပြန့် အထောက်ကူပြုစေရန်အတွက် တစ်ဦးတစ်ယောက်အားဦးစားပေးခြင်းမျိုး မဟုတ်ပဲ စစ်မှန်တဲ့ဖြောင့်မှန်တဲ့ တရားဥပဒေဘောင်အတွင်းမှဆောင်ရွက်ခြင်း၊
- ဥပဒေဆိုင်ရာ မူဘောင်များ
- တရားဥပဒေ နှင့် အမိန့်

# ၂။ တရားဥပဒေစိုးမိုးရေး

- တရားစီရင်ရေးစနစ် လွတ်လပ်မှုရှိခြင်းနှင့် ထိရောက်မှုရှိခြင်း၊
- ပြည်သူတို့၏ ပိုင်ဆိုင်မှုနှင့် အခွင့်အရေးများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ခြင်း၊
- အုပ်ချုပ်မှုအာဏာအပေါ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ထိန်းကျောင်းခြင်း၊

# ၂။ တရားဥပဒေစိုးမိုးရေး

- လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို တရားမျှမှုရှိပြီး ဘက်လိုက်မှုမရှိသည့် ဥပဒေများဖြင့် တာဝန်ယူဆောင်ရွက်ခြင်း၊
- နိုင်ငံနှင့် လူ့အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှု၊
- လူမှုအဖွဲ့အစည်း၏ထိတွေ့ဆက်ဆံမှုကို အခြေခံသည့် နက်ရှိုင်းစွာ အမြစ်တွယ်နေသော လုပ်ငန်းစဉ်များ၊

# ၂။ တရားဥပဒေစိုးမိုးရေး

- “တရားဥပဒေစိုးမိုးရေး” နှင့် “တရားဥပဒေကိုအသုံးပြု၍ စိုးမိုးခြင်း”တို့အကြားကွဲပြားမှု Fukuyama(2013)
- “တရားဥပဒေကို အသုံးပြု၍ စိုးမိုးခြင်း” – ဥပဒေနှင့်အုပ်ချုပ်ရေးယန္တရားအား လက်နက်သဖွယ် တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်း၊
- “တရားဥပဒေစိုးမိုးခြင်း” – ပြဋ္ဌာန်းထားသောဥပဒေများအား အုပ်ချုပ်ခံလူအများသာမက အုပ်ချုပ်သူများပါ တစ်ပြေးညီလိုက်နာစေခြင်း၊

# ၂။ တရားဥပဒေစိုးမိုးရေး

- အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်း
- နိုင်ငံအပါအဝင် လူပုဂ္ဂိုလ်များ၊ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာ အဖွဲ့အစည်းများ အားလုံးတို့သည် ထုတ်ပြန်ထားသည့် ဥပဒေများအား လိုက်နာရန်တာဝန်ရှိသည်။
- တစ်ပြေးညီ ဥပဒေသက်ရောက်မှုရှိခြင်း၊
- လွတ်လပ်စွာ စီရင်ဆုံးဖြတ်နိုင်ခြင်း၊

# ၂။ တရားဥပဒေစိုးမိုးရေး

- ပြည်တွင်းဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများနှင့် ညီညွတ်မှုရှိခြင်း၊
- တရားဥပဒေသည်သာ အမြင့်ဆုံးအာဏာရှိခြင်း(မည်သူမျှတရားဥပဒေအထက်တွင်မရှိစေရ)
- ဥပဒေ၏ရှေ့မှောက်တွင် အားလုံးတူညီသောအခွင့်အရေးရှိခြင်း၊

# ၂။ တရားဥပဒေစိုးမိုးရေး(UN)

- လူတိုင်းသည် ဥပဒေနှင့်အညီတာဝန်ယူ တာဝန်ခံခြင်း၊
- ဥပဒေအား ကျင့်သုံးရာတွင် တရားမျှတမှုရှိခြင်း၊
- အာဏာ ခွဲဝေမှုရှိခြင်း၊
- ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်မှုရှိခြင်း၊

# ၂။ တရားဥပဒေစိုးမိုးရေး(UN)

- တရားဥပဒေအရ တိကျသေချာမှုရှိခြင်း၊
- တစ်ဖက်သတ်ဆောင်ရွက်မှုများကို ရှောင်ရှားခြင်း၊
- လုပ်ထုံးလုပ်နည်းနှင့် ဥပဒေဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်း၊

# ၃။ ပွင့်လင်းမြင်သာမှု

- အာဏာပိုင်များ၏ ဆုံဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များကို အကျိုးသက်ဆိုင်သူများမှ ဆန်းစစ်အကဲဖြတ်ခြင်း၊
- တာဝန်ရှိသူများအနေဖြင့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် အကျိုးအကြောင်း ရှင်းပြခြင်း နှင့် ပြည်သူများအနေဖြင့်လည်း ၎င်းအခွင့်အရေးရှိရန်လိုအပ်ခြင်း

# ၃။ ပွင့်လင်းမြင်သာမှု

- လွတ်လပ်သော တရားစီရင်ရေး မဏ္ဍိုင်
- လွတ်လပ်ပြီး အရည်အသွေးပြည့်ဝသည့်  တာဝန်ယူမှုရှိသော သတင်းမီဒီယာ
- အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ တက်ကြွသော ပါဝင်ပတ်သက်မှုရှိခြင်း၊

# ၃။ ပွင့်လင်းမြင်သာမှု

- ဥပဒေစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဆန်းစစ်ရန် လမ်းဖွင့်ထားခြင်း
- ပွင့်လင်းမြင်သာသော အစိုးရသည် မိမိ၏ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့် နည်းလမ်း၊ ဆောင်ရွက်ရသည့်အကြောင်းအရင်း၊ ပါဝင်ဆောင်ရွက်ကြသူများ၊ မည်သည့်စံနှုန်းများဖြင့် သတ်မှတ်ဆုံးဖြတ်ခဲ့သည်တို့အား ပွင့်လင်းမြင်သာစွာဖော်ပြရန် လိုအပ်ခြင်း၊

# ၃။ ပွင့်လင်းမြင်သာမှု

- ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသဘောတူစာချုပ် အပိုဒ် ၁၀
- အဖွဲ့ဝင်နိုင်ငံတိုင်းသည် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် ပွင့်လင်းမြင်သာမှုမြှင့်တင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ဆောင်ရွက်ရန်၊
- ပွင့်လင်းမြင်သာမှုကိုဖော်ဆောင်ရန် ငွေကြေးနှင့်အရင်းအမြစ်များလိုအပ်ခြင်း၊

# ၃။ ပွင့်လင်းမြင်သာမှု

- သတင်းအချက်အလက်များ လွတ်လပ်လွယ်ကူစွာ စီးဆင်းနိုင်မှသာလျှင် ပြည်သူများအလွယ်တကူ သိရှိနားလည်နိုင်မည်ဖြစ်ခြင်း၊
- ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်မှုတို့အား လွယ်ကူစွာ စောင့်ကြည့်စစ်ဆေးနိုင်မည်ဖြစ်ခြင်း၊

# ၄။ တုံ့ပြန်ဆောင်ရွက်နိုင်မှု

- အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် ၎င်းတို့၏လုပ်ငန်းစဉ်များသည် ပါဝင်ပတ်သက်သူအကျိုးရှင်များအား သင့်လျော်သောနည်းလမ်းဖြင့် လျင်မြန်စွာဝန်ဆောင်မှုပေးနိုင်စွမ်း အသင့်ရှိခြင်း
- နိုင်ငံသားတို့၏ အကျိုးစီးပွားကို အကာအကွယ်စောင့်ရှောက်ထိန်းသိမ်းပေးခြင်း၊

# ၄။ တုံ့ပြန်ဆောင်ရွက်နိုင်မှု

- လူနည်းစုများအပေါ်ချိုးနှိမ်မှုရှိနေသော စည်းမျည်းစည်းကမ်းနှင့်အလေ့အထများကို ဖော်ထုတ်ဖြေရှင်းခြင်း၊
- ကျား/မ ခွဲခြားဆက်ဆံမှုများကို ဖြေရှင်းဆောင်ရွက်ခြင်း၊

# ၄။ တုံ့ပြန်ဆောင်ရွက်နိုင်မှု

- ဗဟိုဦးစီးစနစ်ကိုလျှော့ချခြင်း၊
- ပြည်သူများပါဝင်နိုင်မည့် ဥပဒေများ ထုတ်ပြန်ထားခြင်း၊
- အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မကျေနပ်ချက်များကိုပြောဆို တင်ပြဆွေးနိုင်သော အရေးပေါ်ဖုန်းလိုင်းများနှင့် တိုင်ကြားစာများ ထားရှိပေးခြင်း၊

# ၅။ သဘောတူညီမှုအပေါ် ဦးတည်ဆောင်ရွက်ချက်

- လူ့အဖွဲ့အစည်း၏ တစ်ရပ်လုံး၏အကျိုးစီးပွားကို ဦးတည်နိုင်သည့် စနစ်များရှိခြင်း၊
- ကွဲပြားခြားနားသော အမြင်များအား ထည့်သွင်းစဉ်းစားခြင်း၊
- အားလုံးလက်ခံနိုင်သည့် တူညီသောအယူအဆများကို ဦးစားပေးဆောင်ရွက်ခြင်း၊

# ၅။ သဘောတူညီမှုအပေါ် ဦးတည်ဆောင်ရွက်ချက်

- အပေးအယူဖြင့် သဘောတူညီချက်ရရန် ညှိနိုင်ခြင်း၊
- အားကောင်းသော၊ ဘက်လိုက်မှုမရှိသော၊ ပြောင်းလွယ်ပြင်လွယ်သောပုံစံရှိခြင်း၊
- လူ့အဖွဲ့စည်းတစ်ရပ်လုံးအတွက် အကောင်းဆုံးသော အကျိုးရလာဒ်ကိုဖော်ဆောင်နိုင်ခြင်း၊

# ၅။ သဘောတူညီမှုအပေါ် ဦးတည်ဆောင်ရွက်ချက်

- ပြည်သူအားလုံးပါဝင်နိုင်သောဆွေးနွေးပွဲများမှ  အများပြည်သူ၏ အသံနားထောင်ခြင်း၊ ပြည်သူ့ဆန္ဒခံယူခြင်း
- ပြည်သူများအနေဖြင့် ခေါင်းဆောင်များထံသို့ မကျေနပ်မှုများတင်ပြရန်  အခွင့်အရေးရှိခြင်း၊
- တိုင်ပင်ဆွေးနွေးနိုင်သော  ယန္တရားများတည်ဆောက်ထားခြင်း၊

# ၆။ ညီမျှမှုနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှု

- လူသားတိုင်းသည် ကောင်းမွန်သောအခြေအနေကို ထိန်းသိမ်းရန် သို့မဟုတ် မြင့်တင်ရန် အခွင့်အရေးများရှိခြင်း၊
- လူ့အဖွဲ့အစည်းတွင်ပါဝင်သူများအားလုံးအပြင် အထူးသဖြင့် ထိခိုက်လွယ်သူများကိုလည်း မူဝါဒချမှတ်ရာတွင် ထည့်သွင်းစဉ်းစားပေးခြင်း၊
- မည်သူကိုမျှ ဖယ်ကျဉ်ချန်လှပ်ထားခြင်းမရှိစေရ၊

# ၆။ ညီမျှမှုနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှု

- ဆင်းရဲနွမ်းပါးသူများ၊ အလယ်လတ်တန်းစားများနှင့် လိုအပ်ချက်ရှိသူများကိုလည်း ဦးစားပေး အာရုံစူးစိုက်ရမည်ဖြစ်ခြင်း၊
- လူ့အဖွဲ့အစည်းအတွင်းရှိ အဆိုးဆုံးအခြေအနေတွင် ရှိနေသူများအတွက် မျှတသော အစီအစဉ် များချမှတ်ပေးခြင်း၊
- အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ယာများဆောက်လုပ်ပေးမှုနှင့် အခွန်အခများ လျှော့ပေါ့ သက်သာခွင့်ပေးခြင်း၊

# ၇။ ထိရောက်ပြီး စွမ်းဆောင်ရည်ရှိခြင်း၊

- အဖွဲ့အစည်းများနှင့်လုပ်ငန်းစဉ်များသည် ပြည်သူ့ဘဏ္ဍာအရင်းအမြစ်များအား စီမံခန့်ခွဲရာ၌ စွမ်းဆောင်ရည်အကောင်းဆုံးနှင့်အထိရောက်ဆုံးဖြစ်အောင်ဆောင်ရွက်ရန်၊
- ရရှိလာသည့် ရလဒ်များသည် လူ့အဖွဲ့အစည်းလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း၊
- အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေခြင်း၊

# ၇။ ထိရောက်ပြီး စွမ်းဆောင်ရည်ရှိခြင်း၊

- ဗျူရိုကရေစီယန္တရားတွင်ပါဝင်သော ဝန်ထမ်းများသည် ကျွမ်းကျင်လိမ္မာသောသူများဖြစ်ရန်၊
- အမှန်တကယ်အရေးပါသည့် လုပ်ငန်းများအပေါ် အလေးထားဆောင်ရွက်ခြင်း၊
- လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မလိုအပ်သောနေများတွင် အပိုဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ထပ်ဖြစ်နေသည်များကို ဖယ်ထုတ်လျှော့ချခြင်း၊

# ၇။ ထိရောက်ပြီး စွမ်းဆောင်ရည်ရှိခြင်း၊

- အများပြည်သူဝန်ဆောင်မှုပေးသည် ဌာနများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို မြန်ဆန်လုံလောက်စွာ ဖြည့်တင်းပေးခြင်း၊
- အစိုးရ၏ လုပ်ထုံးလုပ်နည်းများကို သွက်လက်မြန်ဆန်အောင်ဆောင်ရွက်ခြင်း၊
- ကြိုးနီစနစ် လျော့ချခြင်း၊
- တတ်နိုင်ပါက သင့်တော်သော နည်းပညာများကို အသုံးပြုခြင်း၊

# ၇။ ထိရောက်ပြီး စွမ်းဆောင်ရည်ရှိခြင်း၊

- သတင်းအချက်အလက် လိုအပ်ချက်များကို ဖယ်ရှားနိုင်ရန်အတွက် အစိုးရဌာနများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ဖြောင့်မတ်တည်ကြည်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊
- အများပြည်သူဆိုင်ရာပစ္စည်းများနှင့်တန်ဖိုးထားရှိမှုများကို အကောင်းဆုံး မြှင့်တင်ဆောင်ရွက်ခြင်း၊

# ၇။ ထိရောက်ပြီး စွမ်းဆောင်ရည်ရှိခြင်း၊

- တစ်ဦးချင်းစီ၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် အဖွဲ့အစည်း၏ အစီအစဉ်နှင့် ဦးတည်ချက်များနှင့်ကိုက်ညီမှုရှိရန်လိုအပ်ခြင်း၊
- လုပ်ငန်းကျွမ်းကျင်မှုကိုထိန်းသိမ်းရန်နှင့် ကိုယ်ကျင့်သိက္ခာအား မြှင့်တင်ရန် သင်တင့်မျှတသော အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များလိုအပ်ခြင်း၊

# ၈။ တာဝန်ခံမှု

- အများနှင့်ဆိုင်သော အကျိုးစီးပွားအပေါ် သက်ရောက်မှုရှိစေသည့် ဆောင်ရွက်ချက်များအတွက် လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများအားလုံတွင် တာဝန်ရှိခြင်း၊
- ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ယူရှင်းလင်းဖြေကြားနိုင်မှုရှိခြင်း၊
- အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် လူမှုအဖွဲ့အဖွဲ့အစည်းများသည် အများပြည်သူနှင့် အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ရှိခြင်း၊

# ၈။ တာဝန်ခံမှု


- အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုပုံစံ
- ဖွဲ့စည်းပုံတွင် အပြန်အလှန်ထိန်းကျောင်းသည့် စနစ်ထည့်သွင်းထားခြင်း၊
- အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအစီအမံများပါရှိရန် အရေးကြီးခြင်း၊
- ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ အဓိက ရည်ရွယ်ချက်

# ၈။ တာဝန်ခံမှု

- ဘေးတိုက် တာဝန်ယူမှုတာဝန်ခံမှု
- အထက်အောက် တာဝန်ယူမှုတာဝန်ခံမှု

# ၈။ တာဝန်ခံမှု

- ကျင်ဝတ် (Code of ethics or code of conduct)
- ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှုနှင့် တာဝန်ခံမှုရှိသော ကျင့်ဝတ်လိုအပ်


ကောင်းမွန်သောအုပ်ချုပ်မှုသည် ကိုယ်တိုင်စည်းကမ်း
စောင့်ထိန်းမှုလိုအပ်ပါတယ်။
အုပ်ချုပ်သူများကိုယ်တိုင်စည်းကမ်းရှိမှသာလျှင်
ပြည်သူများကိုလည်း စည်းကမ်းရှိစေနိုင်မည်ဖြစ်ပါတယ်။
Narendra Modi
quotefancy

# ာင်းမွန်သော စီမံအုပ်ချုပ်မှု၏ စည်းမျဉ်းများ




Prof.Dr.Aung Tun Thet
10/26/2020